# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၆)

## မာတိကာ


ဤကျမ်းကိုမရှုစားမီ

**အပိုင်း (၁)**

၂၀၁၅ ခုနှစ်ဖြစ်ရပ်များ ၁

**အပိုင်း (၂)**

| | | | |
|---|---|---|---|
| ၁ | ကမ္ဘာတစ်ဝန်း တွင်ကျယ်နေသော လူမှုကွန်ရက်စာမျက်နှာများ | ဦးသောင်းဝင်း (ပန်းချယ်ရီ) | ၈၁-၈၆ |
| ၂ | ကျယ်ပြန့်ထွန်းကားလာသည့် နေရောင်ခြည် စွမ်းအင်သုံးစနစ်များ | ကျော်ဦး | ၈၇-၉၂ |
| ၃ | ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေး | အောင်ချိန်ဘွား | ၉၃-၁၀၂ |
| ၄ | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးဆောင်ရွက်ချက်များ | စိုးအောင် | ၁၀၃-၁၁၆ |
| ၅ | ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ | တက္ကသိုလ်ဆရာတစ်ဦး | ၁၁၇-၁၂၄ |
| ၆ | ၂၀၁၅ ခုနှစ် မြန်မာ့ရေကြီးရေလျှံမှုနှင့် ရေလှောင်တမံများ | ဦးဇော်ဝင်း (ဆည်မြောင်း)<br>အေးမြင့် (ညောင်တုန်း)<br>ကျော်ဦး | ၁၂၅-၁၃၀ |
| ၇ | ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန | ၁၃၁-၁၄၀ |
| ၈ | ရာဇပလ္လင် (သို့မဟုတ်) အချုပ်အခြာအာဏာ၏သင်္ကေတ | ဦးကျော်ဝင်း (မနုဿကျော်ဝင်း) | ၁၄၁-၁၄၆ |

**အပိုင်း (၃)**

၂၀၁၅ ခုနှစ်အကြောင်းရပ်များ (အက္ခရာစဉ်) ၁၄၉

အက္ခရာစဉ်အညွှန်း ၃၂၇


# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၆) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန် စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် (၂၀၁၅) ခုနှစ်အတွင်း အဖြစ်အပျက်များကို ပြုစုပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ (၂၀၁၆) ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၇) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းကို စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် (၂၀၁၅) ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ ရက်စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကမ္ဘာတစ်ဝန်း တွင်ကျယ်နေသော လူမှုကွန်ရက်စာမျက်နှာများ၊ ကျယ်ပြန့်ထွန်းကားလာသည့် နေရောင်ခြည်စွမ်းအင်သုံးစနစ်များ၊ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးဆောင်ရွက်ချက်များ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ၊ ၂၀၁၅ ခုနှစ် မြန်မာ့ရေကြီးရေလျှံမှုနှင့် ရေလှောင်တမံများ စသည့်အကြောင်းအရာများကို စုစည်းဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသောဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသောအကြောင်းအရာများသည် (၂၀၁၅) ခုနှစ်၌ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြောင်းအရာများ ဖြစ်ပါသည်။ အကြောင်းအရာများကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါအက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ အကြောင်းအရာများကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြရာတွင် နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များ၌ သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သောထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းအရာများတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ- စွယ်စုံနှစ်ချုပ် ၂၀၁၅) နှင့် စာမျက်နှာအမှတ်ကိုဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ (၂၀၁၅) ခုနှစ်ပါ အကြောင်းအရာများနှင့် ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းအရာနှင့် ဆောင်းပါးအမည်ကိုဖော်ပြ၍ ညွှန်းထားပါသည်။